## အခွန်(Tax)

အခွန်ဆိုသည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်သူများ၏ အကျိုးအတွက် နိုင်ငံတော်အစိုးရမှ ကျခံဆောင်ရွက်ရန် ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့်လည်းကောင်း မထည့်မနေရထည့်ဝင်ရမည့်ငွေဖြစ်သည်။ အခွန်၏အင်္ဂါရပ်များမှာ-

- နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့်အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိပြီးပေးဆောင်ရန် ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပေးဆောင်ရမည်ဖြစ်ခြင်း၊
- နိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ နိုင်ငံတော်အတွင်း နေထိုင်ခြင်းကြောင့်လည်းကောင်း၊ ဝင်ငွေနှင့် ပိုင်ဆိုင်မှုကြောင့် လည်းကောင်း ပေးဆောင်ရခြင်း၊
- စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်အတွင်း ဆောင်ရွက်ခြင်းကြောင့် ပေးဆောင်ရခြင်း၊
- ယင်းသို့ပေးဆောင်ရခြင်းကြောင့် သီးခြားအကျိုးခံစားခွင့်မရှိဘဲ အများနှင့်အတူ ပြည်သူတစ်ဦး အနေဖြင့်သာ အကျိုးခံစားခွင့်ရှိခြင်း၊

## အခ(Fees)

နိုင်ငံတော်အစိုးရသို့ ပေးဆောင်ရသော အခ (အခကြေးငွေ) များဖြစ်ပြီး ပေးဆောင်ရသူအနေဖြင့် တိုက်ရိုက်အကျိုးခံစားခွင့်ရရှိကာ အပေးအယူသဘောမျိုးဖြစ်သည်။ အခ(အခကြေးငွေ) ၏ သဘောသဘာဝအရ ပေးဆောင်သူက ၎င်း၏ဆန္ဒအရ ၎င်း၏ ကိုယ်ကျိုးစီးပွားအတွက် ပေးဆောင်ခြင်းသာဖြစ်ပါသည်။ (ဥပမာ- တံတားဖြတ်သန်းခ၊ စည်ပင်လိုင်စင်ခ) စသည့် နိုင်ငံတော်အစိုးရသို့ ပေးဆောင်ရသည့်အခ (အခကြေးငွေ)များမှာ အသုံးပြုသူတစ်ဦး၊ လုပ်ငန်းရှင်တစ်ဦးက ၎င်း၏ကိုယ်ကျိုးစီးပွားအတွက် ပေးဆောင်မှုသာဖြစ်ပြီး၊ အဆိုပါ အခ(အခကြေးငွေ) ပေးဆောင်ပြီးမှသာ တံတားဖြတ်သန်းခွင့်၊ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိမည်ဖြစ်သည်။




## အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေး၊ ကာကွယ်ရေး၊ အခြေခံအဆောက်အအုံများ ပြည့်စုံရေး အစရှိသည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်ကာမိစေရန် ဘဏ္ဍာငွေရရှိရေးနှင့် နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များကို အထောက်အကူပြုရေး စသည့်ရည်ရွယ်ချက်များအပေါ်တွင်သာ အခြေပြုကောက်ခံခြင်းမဟုတ်ဘဲ အောက်ပါရည်ရွယ်ချက်များကိုပါ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကောက်ခံခြင်းဖြစ်ပါသည် -

- နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေးစနစ် ပေါ်ပေါက်စေပြီး ငွေကြေးလည်ပတ်မှုကို မှန်ကန်စေ၍ ငွေကြေးဖောင်းပွမှုမပေါ်ပေါက်အောင်ထိန်းသိမ်းပေးရန်၊
- စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်စနစ်ဖြင့် ထိန်းညှိပေးရန်၊
- ကုန်ဈေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အကူဖြစ်စေရန်၊
- ဓနအင်အားမျှတစေရန်၊
- နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးကို အထောက်အကူဖြစ်စေရန်၊
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အခွန်အကောက်စနစ်ဖြင့်ထိန်းညှိပေးရန်၊
- အရက်၊ စီးကရက် စသော တားမြစ်လိုသည့် ကုန်စည်များကို အခွန်အကောက်စနစ်ဖြင့် ဟန့်တားနိုင်ရန်။

## အခွန်အမျိုးအစားများ

အဓိကအားဖြင့် တိုက်ရိုက်ခွန်နှင့် သွယ်ဝိုက်ခွန်ဟူ၍(၂) မျိုး ခွဲခြားထားပါသည်-

**တိုက်ရိုက်ခွန်** ဆိုသည်မှာ အခွန်ထမ်းမှတိုက်ရိုက်ပေးသွင်းရသည့် အခွန်အမျိုးအစားဖြစ်ပါသည်။ အခြားသူထံမှကောက်ခံပြီး မိမိအမည်ဖြင့် ပေးသွင်း၍မရသောအခွန်ဖြစ်သည်။ အခွန်တာဝန်မှာ အခွန်ထမ်းအပေါ်တွင် တိုက်ရိုက်ကျရောက်သည်။ (ဥပမာ- ဝင်ငွေခွန်)

**သွယ်ဝိုက်ခွန်** ဆိုသည်မှာ စားသုံးသူ/ ဝန်ဆောင်မှုရယူသူထံမှ ကောက်ခံ၍ လုပ်ငန်းရှင်/ လုပ်ငန်းဆောင်ရွက်သူအမည်ဖြင့် လွှဲပြောင်းပေးသွင်းရသည့် အခွန်အမျိုးအစားဖြစ်ပါသည်။ အခွန်တာဝန်မှာ အခွန်ထမ်းအပေါ်တွင် မကျရောက်ဘဲ ကုန်စည်ကို ဝယ်ယူသူ၊ ဝန်ဆောင်မှုရယူသူအပေါ်တွင် ကျရောက်ပါသည်။ (ဥပမာ- ကုန်သွယ်လုပ်ငန်းခွန်)

## နိုင်ငံတော်၏ အခွန်အကောက်ဖွဲ့စည်းထားရှိမှု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွက် ပြည်ထောင်စုဝန်ကြီးဌာန (၁၀) ခုနှင့် နေပြည်တော်ကောင်စီတို့က အခွန်အကောက်အမျိုးအစား(၂၅)မျိုးကို အောက်ပါအခွန်အုပ်စုကြီး (၄) မျိုး ခွဲခြား၍ ကောက်ခံလျက်ရှိပါသည် -

- ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်
- ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်ကောက်ခံသည့်အခွန်အကောက်
- အကောက်ခွန်
- နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်

## ပြည်တွင်းအခွန်များဦးစီးဌာနကကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ

- **ဝင်ငွေခွန်** - ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ်တွင် ကောက်ခံသည့်အခွန် ဖြစ်ပါသည်။
- **ကုန်သွယ်လုပ်ငန်းခွန်** - ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်စည်တင်သွင်းခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အပေါ် ကောက်ခံသည့် အခွန်ဖြစ်ပါသည်။
- **အထူးကုန်စည်ခွန်** - ၂၀၁၆ ခုနှစ် အထူးကုန်စည်ခွန်ဥပဒေအရ ကန့်သတ်လိုသည့် ကုန်စည်များတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် တင်ပို့ခြင်းများအပေါ် ကောက်ခံသည့် အခွန်ဖြစ်ပါသည်။

- **တံဆိပ်ခေါင်းခွန်** – ၁၈၇၀ ပြည့်နှစ် ရုံးခွန်အက်ဥပဒေနှင့် ၁၈၉၉ခုနှစ် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတို့အရ စာမှတ်စာတမ်းများ တင်သွင်းခြင်းနှင့် စာချုပ်စာတမ်းများချုပ်ဆိုခြင်းတို့အတွက် ပေးဆောင်ရသည့်အခွန် ဖြစ်ပါသည်။
- **အောင်ဘာလေသိန်းဆုခွန်** – အောင်ဘာလေသိန်းဆုဌာနခွဲမှ ရောင်းချဖြန့်ဖြူးလျက်ရှိသော ထီစာအုပ်ရောင်းရငွေ၏ ၇၀% ကို ထီဆုငွေ အဖြစ်ခွဲဝေ၍ ကျန် ၃၀% ကို အောင်ဘာလေသိန်းဆုခွန်အဖြစ် ကောက်ခံပါသည်။ အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဆုရထီလက်မှတ်မှ ထုတ်ယူရရှိငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိပါသည်။
- **ရတနာခွန်** – ၂၀၁၉ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၃ နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၆/ ၂၀၁၉) တို့အရ ကျောက်မျက်ရတနာများရောင်းချခြင်းအပေါ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရောင်းချသူနှင့် အကောက်ခွန်ဦးစီးဌာနတို့က ကောက်ခံ၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရသည့်အခွန် ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာနကကောက်ခံရန် မူလလျာထားချက်**

၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရကကောက်ခံသည့် အခွန်အကောက် (၂၅) မျိုး၏ ကောက်ခံရန် မူလလျာထားချက်စုစုပေါင်းမှာ ကျပ်သန်းပေါင်း (၉,၃၇၈,၄၀၄..၂၆၈)ရှိပြီး ကောက်ခံရမည့် အခွန်အကောက်စုစုပေါင်း၏ ၈၀% ကျော်အား ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူကောက်ခံပေးရမည် ဖြစ်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကောက်ခံရန်မူလ လျာထားချက်မှာ –

- ဝင်ငွေခွန်တွင် ကောက်ခံရန် မူလလျာထားချက်မှာ ကျပ်သန်းပေါင်း ( ၃,၄၃၇,၃၅၃.၉၆၈ )
- ကုန်သွယ်လုပ်ငန်းခွန်တွင် ကောက်ခံရန် မူလလျာထားချက်မှာ ကျပ်သန်းပေါင်း( ၂,၇၉၆,၄၂၃.၉၉၄ )
- အထူးကုန်စည်ခွန်တွင် ကောက်ခံရန် မူလလျာထားချက်မှာ ကျပ်သန်းပေါင်း( ၁,၅၃၉,၇၈၈.၄၄၀ )
- တံဆိပ်ခေါင်းခွန်တွင် ကောက်ခံရန် မူလလျာထားချက်မှာ ကျပ်သန်းပေါင်း( ၁၅၃,၂၈၈.၆၀၅ )
- အောင်ဘာလေသိန်းဆုခွန်တွင် ကောက်ခံရန် မူလလျာထားချက်မှာ ကျပ်သန်းပေါင်း( ၁၉,၁၇၄.၄၅၈ )
- ရတနာခွန်တွင် ကောက်ခံရန် မူလလျာထားချက်မှာ ကျပ်သန်းပေါင်း ( ၅၃,၉၇၀.၅၃၅ )

နိုင်ငံတော်ကကောက်ခံရရှိသည့် အခွန်အကောက်များအား နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓါတ်အားရရှိရေး အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဥပဒေအရ ကျသင့်အခွန်များအား သတ်မှတ်ကာလအတွင်း မှန်မှန်ကန်ကန်၊ ပြည့်ပြည့်ဝဝပေးဆောင်ရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။




## ပြည်တွင်းအခွန်များဦးစီးဌာန

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊ အမှတ်–၁၂၈/ ၁၃၂၊ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ကျောက်တံတားမြို့နယ်၊ ဖုန်း– ၀၁–၈–၃၈၉၃၁၁၊ ဖုန်း– ၀၁–၈–၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ရုံးအမှတ်(၄၆)၊ဖုန်း–၀၆၇– ၃၄၃၀၅၂၂၊ ၀၆၇–၃၄၃၀၅၄၄ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း– ၀၂– ၄၀၃၀၁၉၂၊ ၀၂–၄၀၃၀၆၃၈၊ ၀၂–၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သော www.ird, gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အကြောင်းသိကောင်းစရာများ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

Internal Revenue Department
Office Building No.(46), Nay Pyi Taw
https://www.ird.gov.mm

**“ Tax by the Law, Service by our Heart ”**